# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ

## NATIONAL COUNCIL OF THE UNION OF BURMA

**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ နဝမအကြိမ်မြောက်ညီလာခံ၏**
**သတင်းထုတ်ပြန်ချက်**

၁။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ နဝမအကြိမ်မြောက်ညီလာခံကို ၂၀၁၀ခုနှစ် ဩဂုတ်လ(၂၇)ရက်နေ့မှ(၃၁)ရက်နေ့အထိ ထိုင်း–မြန်မာနယ်စပ်တနေရာတွင် အောင်မြင်စွာကျင်းပခဲ့ကြပါသည်။ အမျိုးသားကောင်စီ၏အဖွဲ့ဝင်အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်(၆၅)ဦး တက်ရောက်ခဲ့ပါသည်။

၂။ ညီလာခံကြီးတွင် တိုင်းပြည်၏ အခြေအနေအရပ်ရပ်နှင့် အမျိုးသားကောင်စီ၏ နိုင်ငံရေးလမ်းစဉ်၊ လုပ်ငန်းစဉ်များအားအကြေအလည်သုံးသပ်ပြီးနောက် မိမိတို့၏ နိုင်ငံရေးဦးတည်ချက်(၄)ရပ်အား ပြန်လည်ချမှတ်ခဲ့သည်။ နဝမအကြိမ် ညီလာခံသက်တမ်းအတွက် ဦးတည်အကောင်အထည်ဖော်ရမည့် **"စစ်အာဏာရှင်စနစ်နှင့် စစ်အုပ်စုဖြုတ်ချရေးတိုက်ပွဲနှင့်အတူဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ပြီး ၁၉၉၀ပြည့် ရွေးကောက်ပွဲရလဒ်ကို အခြေခံသောပြည်သူ့ကြားဖြတ်အစိုးရတရပ် ပေါ်ထွန်းရေး/ဖွဲ့စည်းရေး"**ဟူသည့် မဟာဗျူဟာလုပ်ငန်းစဉ်ရည်မှန်းချက်အား ချမှတ်ခဲ့ပြီး ၎င်းရည်မှန်းချက်အောင်မြင်နိုင်ရေးအတွက် အကောင်အထည်ဖော်ရမည့် မဟာဗျူဟာလုပ်ငန်းစဉ်(၁၃)ရပ်ကိုလည်း တညီတညွတ်တည်း ချမှတ်ခဲ့ကြပါသည်။

၃။ ချမှတ်ခဲ့သော မဟာဗျူဟာရည်မှန်းချက်နှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရန်အတွက်ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ အောက်ဖော်ပြပါခေါင်းဆောင်မှုအား ညီလာခံကြီးမှ ရွေးချယ်တာဝန်ပေးအပ်ခဲ့ပါသည်။

**ဂုဏ်ထူးဆောင်နာယက**

၁။ စောတာမလာဘော

၂။ ဒေါက်တာစိန်ဝင်း

**သဘာပတိအဖွဲ့**

| | |
|---|---|
| (၁) ပဒို ဒေးဗစ်တာကပေါ | ဥက္ကဋ္ဌ |
| (၂) ဦးဗိုလ်သောင်း | ဒု – ဥက္ကဋ္ဌ (၁) |
| (၃) ပဒို စောအားတိုး | ဒု – ဥက္ကဋ္ဌ (၂) |
| (၄) ဒေါ်စန်းစန်း | ဒု – ဥက္ကဋ္ဌ (၃) |
| (၅) ခွန်မားရ်ကိုဗန်း | အဖွဲ့ဝင် |
| (၆) ခိုင်စိုးနိုင်အောင် | အဖွဲ့ဝင် |
| (၇) ဦးအေးဆောင် | အဖွဲ့ဝင် |
| (၈) ဒေါက်တာအေးကျော် | အဖွဲ့ဝင် |

**အတွင်းရေးမှူးအဖွဲ့**

| | |
|---|---|
| (၁) ဦးမောင်မောင် | အထွေထွေအတွင်းရေးမှူး |
| (၂) ဦးအောင်မိုးဇော် | တွဲဖက်အထွေထွေအတွင်းရေးမှူး (၁) |
| (၃) ဦးမြင့်သိဏ်း | တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) |
| (၄) ဗိုလ်မှူးစောလှငွေ | အဖွဲ့ဝင် |
| (၅) ဦးကျော်ကျော် | အဖွဲ့ဝင် |
| (၆) ခွန်မြင့်ထွန်း | အဖွဲ့ဝင် |
| (၇) မန်းငြိမ်းမောင် | အဖွဲ့ဝင် |
| (၈) စောမင်းလွင် | အဖွဲ့ဝင် |
| (၉) ဦးလှဦး | အဖွဲ့ဝင် |

နဝမအကြိမ်ညီလာခံ
ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ(NCUB)
၂၀၁၀ ခုနှစ် စက်တင်ဘာလ(၁)ရက်။